ကျွန်ုပ်တို့ (Brainworks-Total-MyMyanmar Group of schools) အဖွဲ့အစည်းအတွင်းတွင်ရှိသော ဝန်ထမ်းများ၊ မိဘများ၊ ကျောင်းသား/သူများ (အဖွဲ့ဝင်များအချင်းချင်း) ကြားတွင် တစ်ဦးကိုတစ်ဦးလေးစားပြီး အန္တရာယ်ကင်းသော ပတ်ဝန်းကျင်တစ်ခု ဖြစ်စေရန်အတွက်၊ အခြားသူတစ်ပါးအပေါ် အနိုင်ကျင့်ခြင်းမဖြစ်ပေါ်စေရန်အတွက် ဤမူဝါဒကို လိုက်နာကျင့်သုံးရန် ဘုံသဘောတူထားပါသည်။

**ရည်ရွယ်ချက်**

ကျွန်ုပ်တို့ ကျောင်းအသိုက်အဝန်းအတွင်းရှိသော ပါဝင်သူများအားလုံးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် ကိုယ်ရည်ကိုယ်သွေးတို့တွင် လုံခြုံသော ပတ်ဝန်းကျင်တစ်ခုကို ပေးဆောင်ရန် ရည်ရွယ်ပါသည်။

**အနိုင်ကျင့်ခြင်းဆိုတာ ဘာလဲ**

အနိုင်ကျင့်ခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက် (သို့မဟုတ်) အုပ်စုတစ်စုက အခြားသူတစ်ဦး (သို့မဟုတ်) လူတစ်စုအား တစ်ကြိမ်ထက်ပို၍ ရည်ရွယ်ချက်ရှိရှိ ခြိမ်းခြောက်ရန်၊ နှောင့်ယှက်ရန်၊ ထိတ်လန့်စေရန်၊ ကြောက်ရွံ့စေရန်၊ စိတ်ငြိုငြင်စေရန် (သို့မဟုတ်) အန္တရာယ်ဖြစ်စေရန် ရည်ရွယ်၍ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား လုပ်၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

**အနိုင်ကျင့်မှုများတွင် ပါဝင်မှုများ**

**<u>နှုတ်ဖြင့် အနိုင်ကျင့်ခြင်း</u>**

အခြားသူတစ်ဦး (သို့) အစုအဖွဲ့အား နာကျင်စေရန်၊ နစ်နာစေရန် (သို့မဟုတ်) အရှက်ရစေနိုင်သော စကားလုံးများကို ထပ်ခါတလဲလဲ အသုံးပြုပြောဆိုခြင်းအပြင် သူတစ်ပါးအပေါ် နှိမ့်ချပြောဆိုခြင်း၊ ဘာသာစကားတစ်ခုခုကို အသုံးပြု၍ စော်ကားပြောဆိုခြင်း၊ ဆဲဆိုခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိခိုက်စေနိုင်သော စကားလုံးများ၊ ယုံကြည်ရာ ကိုးကွယ်ရာ ဘာသာတရား နှင့် လူမျိုးရေးခွဲခြားမှုကို ဖြစ်ပေါ်စေနိုင်သော စကားလုံးများ ၊ စကားအဖြစ်ပြောဆိုခြင်းများသည် နှုတ်ဖြင့်အနိုင်ကျင့်ခြင်းဟု မှတ်ယူထားပါသည်။

**<u>စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း</u>**

အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိဘဲ အခြားသူတစ်ဦးအား ထပ်ခါတလဲလဲ စောင့်ကြည့်ခြင်း၊ စာဖြင့်သော်လည်းကောင်း၊ ကိုယ်ဟန်အမူအရာဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း (emailဖြင့် (သို့မဟုတ်) စာတိုက်မှတဆင့်) စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေနိုင်သော ခြိမ်းခြောက်စာများ အပြင် social media ပေါ်တွင် လူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာ နှင့် လုံခြုံမှုကို ထိခိုက်နစ်နာအောင် ပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းများသည် အခြားလူတစ်ဦးအား စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုအဖြစ် မှတ်ယူထားပါသည်။

**<u>ဆက်ဆံရေးအရ အနိုင်ကျင့်ခြင်း</u>**

အခြားလူတစ်ဦးအား အစုအဖွဲ့လိုက် အကြောင်းတစ်စုံတစ်ရာမရှိဘဲ ရှိနေသောအစုအဖွဲ့မှ ထုတ်ပယ်ခြင်း၊ ဝိုင်းကျဉ်ထားခြင်း (သို့မဟုတ်) အဖွဲ့ဝင်ရန် ငြင်းပယ်ခြင်းအပြင် စည်းရုံးသိမ်းသွင်းခြင်း နှင့် ကောလဟာလများ ဖန်တီးခြင်း (သို့မဟုတ်) ဖြန့်ဝေခြင်းတို့အပြင် အခြားသူတစ်ဦး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို မျှဝေခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်းတို့လည်း ပါဝင်ပါသည်။

**ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်း**

တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အစုအဖွဲ့လိုက်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အမူအရာအားဖြင့်သော်လည်းကောင်း၊ ကာယကံမြောက် ရိုက်ခြင်း၊ ထပ်ခါတလဲလဲ ရိုက်ခြင်း၊ ကန်ခြင်း၊ ပုတ်ခြင်း၊ တွန်းခြင်း၊ ခလုတ်တိုက်ခြင်း၊ 'တွန်းထုတ်ခြင်း' နှင့် ခန္ဓာကိုယ်၏ မထိတွေ့ရသောနေရာများအား ထိခြင်း၊ ကိုင်ခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခြင်းအဖြစ် မှတ်ယူပါမည်။ ပိုမိုကြမ်းတမ်းပြင်းထန်သော အပြုအမူများကို ရုပ်ပိုင်းဆိုင်ရာအရ ပြုလုပ်လာပါက ကျောင်း၏ စည်းမျဉ်းစည်းကမ်းလုပ်ငန်းစဉ်များမှ တဆင့် ဆက်လက်ဆောင်ရွက်သွားပါမည်။

**ဆိုက်ဘာအနိုင်ကျင့်ခြင်း**

တစ်ဦးတစ်ယောက်ချင်းအနေဖြင့်သော်လည်းကောင်း (သို့မဟုတ်) အုပ်စုဖြင့် အနိုင်ကျင့်မှုတွင် ပါဝင်ရန်အတွက် အီးမေးလ်၊ စာသားမက်ဆေ့ချ်များ၊ စာတိုပေးပို့ခြင်းနှင့် အင်တာနက်စာမျက်နှာ ဝဘ်ဆိုဒ်များကဲ့သို့သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုခြင်းတို့သည်လည်း ဆိုင်ဘာအနိုင်ကျင့်မှု တစ်ခုအနေဖြင့် မှတ်ယူပါမည်။ နှုတ်ဖြင့် ဆက်ဆံရေးနှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု ပုံစံများတွင် ၎င်းဆက်သွယ်ရေးနည်းလမ်းသည်လည်း အစားထိုးနည်းလမ်းတစ်ခုအဖြစ် အကျုံးဝင်ပါသည်။

**ကျောင်းအဖွဲ့အစည်း၏ တုံ့ပြန်မှု**

- Brainworks-Total-MyMyanmar အဖွဲ့အစည်း၏ ခံယူချက်မှာ မိမိတို့အဖွဲ့အစည်းလက်အောက်ရှိ ကျောင်းများတွင် မည်သည့်အနိုင်ကျင့်ခြင်းကိစ္စရပ်များမှ မရှိစေရန် ဖြစ်ပါသည်။

- သဘောထားမညီမျှခြင်းကြောင့် ဆိုရှယ်မီဒီယာအုပ်စုဖွဲ့ခြင်းဆိုင်ရာ ပြဿနာမှန်သမျှသည် တစ်ဦးချင်းစီ၏ တာဝန်ဖြစ်သည်။ စာသင်ခန်းပြင်ပ (သို့မဟုတ်) ကျောင်းချိန်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသော ပဋိပက္ခများနှင့် ကိစ္စရပ်အဂတိကို ကျောင်းမှတာဝန်ယူမည် မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြလိုပါသည်။ စည်းမျဥ်းစည်းကမ်းများအရ သတ်မှတ်ပေးထားသော ကိစ္စရပ်များတွင်သာ ကျောင်း၏ အခန်းကဏ္ဍနှင့် မျှော်မှန်းချက်များအတိုင်း စီမံခန့်ခွဲဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- ကျွန်ုပ်တို့၏ ကျောင်းသား/သူများသည် ဂုဏ်သိက္ခာနှင့်လျော်ညီစွာ နေထိုင်တတ်စေရန် အသိပညာဗဟုသုတများ ကြွယ်ဝကြပြီး ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် မည်သည့်ပုံစံကိုမဆို မည်သည့်အရာဖြင့်မဆို အနိုင်ကျင့်ခြင်းကို အကောင်းဆုံး တုံ့ပြန်စီမံဆောင်ရွက်ရန် ပြင်ဆင်ထားပါသည်။

**အနိုင်ကျင့်မှု မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ပေးခြင်း**

- ကျောင်းသား/သူများအား အပြုသဘောဆောင်သောဆက်ဆံရေးများ ထူထောင်ရန်နှင့် ကျောင်းအဖွဲ့ဝင်အားလုံး၏ အခွင့်အရေးနှင့်တာဝန်များကို ခွဲခြားသိမြင်အောင် အားဖြည့်ပေးခြင်းတို့ကို ကျွန်ုပ်တို့ လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများအားလုံးသည် သင်ကြားရေးဆိုင်ရာ၊ သင်ယူမှုဆိုင်ရာ တန်ဖိုးရှိသော အကြောင်းအရာများဖြင့် ဖြည့်စွက်ထားပါသည်။

❖ ကျန်းမာရေးနှင့် အားကစားဆိုင်ရာကိစ္စရပ်များ၊ လူထုအကျိုးပြု/အများပြည်သူဝန်ဆောင်မှုများတွင် အခြေပြု လှုပ်ရှားဆောင်ရွက်မှုများမှတစ်ဆင့် တစ်ဦးချင်း မိမိကိုယ်ကို လေးစားမှုပြသကဲ့သို့ အခြားသူများကိုလည်း လေးစားမှုကို မြှင့်တင်ခြင်းတို့ ပါဝင်ပါသည်။

❖ အနိုင်ကျင့်ခြင်းကို တိုက်ဖျက်ခြင်း၊ ပံ့ပိုးကူညီခြင်းများတွင် ကျောင်းမှတာဝန်ရှိသူ/အတိုင်ပင်ခံနှင့် မိဘများသည် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နိုင်ပါသည်။ အနိုင်ကျင့်သူများကို တန်ပြန် အကျိုးဖြစ်ထွန်းစေနိုင်ပြီး ပြဿနာရပ်တစ်ခုအတွက် အမှန်တကယ် ဖြေရှင်းချက်မပေးနိုင်သည့် ဆိုင်းငံ့ခြင်းနှင့် ထုတ်ပယ်ခြင်းများ ထောက်ခံဆောင်ရွက်ခြင်းကို လုံးဝအားမပေးသော်လည်း လူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့တစ်ခု၏ အပြုအမူသည် အခြားတစ်ဦးတစ်ယောက် (သို့မဟုတ်) အစုအဖွဲ့ကို အတိုင်းအတာ တစ်ခုအထိ နစ်နာစေရန် ခြိမ်းခြောက်နေသည်ဟု ထင်မြင်ယူဆတွေ့ရှိလာပါက ကျောင်းမှ ဆိုင်းငံ့ခြင်း (သို့မဟုတ်) ထုတ်ပယ်ခြင်း လုပ်ငန်းစဉ်အား ဆောင်ရွက်လာနိုင်ပါသည်။

❖ အနိုင်ကျင့်ခံရသူနှင့် အနိုင့်ကျင့်သူနှစ်ဦးလုံး၏ ဖြစ်စဉ်ကို တာဝန်ရှိသူဝန်ထမ်းမှ တင်ပြလာသော အချက်အလက်များအရသော်လည်းကောင်း၊ CCTV မှတ်တမ်းများမှတဆင့်သော်လည်းကောင်း တွေ့ရှိချက်များသည် ကျွန်ုပ်တို့၏ ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် အကူအညီကောင်းတစ်ခု ဖြစ်ပါသည်။

## လုပ်ထုံးလုပ်နည်း

❖ မည်သည့်ပုံစံဖြင့်မဆို အနိုင်ကျင့်သည်ဟု သံသယရှိလျှင်သော်လည်းကောင်း (သို့မဟုတ်) တစ်စုံတစ်ဦးမှ သတင်းပေးပို့လာလျှင်သော်လည်းကောင်း ယင်းဖြစ်စဉ်အား တင်ပြလာသော ဝန်ထမ်းမှတဆင့် ချက်ချင်းအရေးယူသွားမည်ဖြစ်ပါသည်။ အတန်းပိုင်ဆရာ/ဆရာမသည် ဖြစ်ပေါ်လာသည့် ဖြစ်စဉ်ပေါ်တွင် ပထမဦးစွာကိုင်တွယ်ဖြေရှင်းရန်နှင့် ဖြစ်စဉ်သည် ပြင်းထန်သည်ဟု ယူဆပါက ကြီးကြပ်သူတာဝန်ခံ ဆရာ/ဆရာမ (သို့မဟုတ်) ကျောင်းအုပ်ထံသို့ တိုက်ရိုက်တင်ပြ ဆောင်ရွက်ရမည်။

❖ အနိုင်ကျင့်မှု၏ ဖြစ်စဉ်အသေးစိတ်အချက်အလက်များနှင့် ဖြေရှင်းဆောင်ရွက်ပုံ အသေးစိတ်ကို မှတ်တမ်းစာအုပ်တွင် မှတ်တမ်းရေးသွင်းထားရမည်ဖြစ်သည်။ အတန်းပိုင်ဆရာများနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ/မများအား အကြောင်းကြားပြီး လိုအပ်ပါက တစ်ဦးချင်းကြည့်ရှုရန် တောင်းဆိုရပါမည်။

❖ အိမ်တွင်ဆောင်ရွက်ရန်လိုအပ်သော ကိစ္စရပ်များအတွက် လိုအပ်သော အကြံဉာဏ်ကို မိဘများအား အကြောင်းကြားပေးပါမည်။ ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိတ်ပိုင်းဆိုင်ရာနှင့် တရားဥပဒေပိုင်းဆိုင်ရာ ကိစ္စရပ်များအကြောင်းကို မိဘများအားလည်း ပညာပေး / အသိပေး အကြောင်းကြားပါမည်။

- ❖ သက်ဆိုင်ရာပုဂ္ဂိုလ်သည် ကျောင်းဘက်မှ အဖွဲ့ဝင်များ၊ အတိုင်ပင်ခံပုဂ္ဂိုလ်များထံမှ လိုအပ်သော အကြံဉာဏ်ကို သင့်လျော်သော အချိန်ဇယားအတိုင်း လိုအပ်သည့်အချိန်တွင် စီစဉ်ပေးနိုင်ရန် အတွက် ကျောင်းမှ တောင်းဆိုနိုင်ပါသည်။

Brainworks-Total-MyMyanmar အဖွဲ့အစည်းအနေဖြင့် ကျောင်းမှထုတ်ပယ်ခြင်းကို ဖြေရှင်းဆောင်ရွက်ချက် တစ်ခုအနေဖြင့် မယုံကြည်ပါ။ ကျွန်ုပ်တို့၏ကျောင်းတွင် အနိုင်ကျင့်မှုပုံစံအမျိုးမျိုးကို (လုံး၀) အလိုမရှိသလို တစ်ဦးချင်း၏ လူမှုရေးအန္တရာယ်ကိုလည်း ကျောင်းမှ တာဝန်မယူနိုင်ပါ။ သို့ဖြစ်ပါ၍ အနိုင်ကျင့်ခြင်း၏ ပြင်းထန်မှု (သို့မဟုတ်) မပြင်းထန်သော ကနဦးအခြေအနေ၏ လက္ခဏာများပေါ်လျှင် ကျောင်းသား၏ အခွင့် အရေးအချို့ကို ရရှိမည်မဟုတ်ပါ။ အကယ်၍ လူတစ်ဦးတစ်ယောက်ကို ထပ်ခါတလဲလဲ သတိပေးနေသော် လည်း အနိုင်ကျင့်ခြင်းအပြုအမူမှ မရှောင်ကြဉ်နိုင်ပါက ကျောင်းမှ လူတစ်ဦးချင်းစီအား ထုတ်ပယ်ရန် အစီအစဉ်မှ မှတစ်ပါး ရွေးချယ်စရာမရှိ ဖြစ်ပါသည်။

## ကျောင်းမှထုတ်ပယ်ခြင်းစည်းမျဥ်းများ

ကျောင်းမှသတ်မှတ်ထုတ်ပြန်ထားသော ကျောင်းစည်းမျဥ်း/စည်းကမ်းများကို ကျောင်း၏ တရားဝင် Website နှင့် Student's Journal Book တို့တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ အဆိုပါ စည်းမျဥ်း/စည်းချက်များအနက် တစ်ရပ်ရပ်ကို ကျောင်းသား/သူ (သို့မဟုတ်) မိဘ/အုပ်ထိန်းသူဘက်မှ ဖောက်ဖျက်ခဲ့သည်ရှိသော် ကျောင်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီသည် ပထမအကြိမ်စာဖြင့်သတိပေးခြင်း၊ အလားတူဖြစ်ရပ်မျိုးဖြင့် စည်းမျဥ်း/စည်းကမ်းကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ဒုတိယအကြိမ် စာဖြင့်သတိပေးခြင်း ပြုမည်ဖြစ်ပါ သည်။ ဒုတိယအကြိမ် သတိပေးစာရရှိပြီးဖြစ်ပါလျှက် တတိယအကြိမ် ထပ်မံဖောက်ဖျက်ကျူးလွန်ခဲ့သည် ရှိသော် ကျောင်းမှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

## ကျောင်းမှ ဆောင်ရွက်မည့်အချက်များ

<u>**ပထမအဆင့်**</u>

ကျောင်း၏ စည်းကမ်းထိန်းသိမ်းရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်ခြင်း

- ရည်ရွယ်ချက်၊ ဖြစ်စဉ်၏ အခြေအနေကိုနားလည်ရန် နှင့် လမ်းညွှန်မှုပေးနိုင်ရန်။
- ပါဝင်မှု၊ ကျောင်းသားမှ စည်းကမ်းထိန်းသိမ်းရေးကော်မတီ (ဒါရိုက်တာ၊ HOS၊ Class Teacher ၊ ဖြစ်စဥ်ကိုသိရှိသူဆရာ/မ)နှင့် တွေ့ဆုံရန်။
- တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းအား မိဘအုပ်ထိန်းသူမှ သိရှိကြောင်း လက်မှတ်ရေးထိုးရန်။

<u>**ဒုတိယအဆင့်**</u>

မိဘများကို အကြောင်းကြားခြင်းနှင့် စာဖြင့် သတိပေးခြင်း

- ရည်ရွယ်ချက်၊ ပြဿနာဖြစ်စဉ်၏ အတိမ်အနက်ပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် မိဘများ/ အုပ်ထိန်းသူမှ ပူးပေါင်းဆောင်ရွက်ရန်။
- ပါဝင်မှု၊ ကျောင်းသားအား စာဖြင့်သတိပေးခြင်းကိစ္စရပ်တွင် မိဘများ/အုပ်ထိန်းသူအား အသိပေးအကြောင်းကြား ဖြစ်စဥ်နှင့်ပတ်သက်၍ သိရှိကြောင်းလက်မှတ်ရေးထိုးရန်။

**<u>တတိယအဆင့်</u>**

ကျောင်းမှ ကျောင်းတက်ရောက်မှုကို ဆိုင်းငံ့ထားခြင်း

- ရည်ရွယ်ချက်၊ တတိယအကြိမ်တွင် ကျောင်းတက်ရောက်မှု ခေတ္တဆိုင်းငံ့ထားခြင်းဖြင့် မိမိကိုယ်ကိုယ်ပြန်လည်သုံးသပ်နိုင်ရန်။
- ပါဝင်မှု၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဆိုင်းငံ့ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ကို အဆိုပါ ပြဿနာ၏ ပြင်းထန်မှုအခြေအနေကို ထည့်သွင်းစဉ်းစား၍ မိဘနှင့်တွေ့ဆုံကာ နောက်ဆုံးအကြိမ် သတိပေး၍ မိဘမှသိရှိကြောင်း လက်မှတ်ရေးထိုးရန်။

**<u>နောက်ဆုံးအဆင့်</u>**

ကျောင်းမှ ထုတ်ပယ်ခြင်း

- ရည်ရွယ်ချက်၊ ဖြစ်စဉ်သည် ပြင်းထန်ခြင်း (သို့မဟုတ်) ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် သတိပေးခြင်းများပြုပြီးနောက် ကျူးလွန်မှုများတွင်ပါရှိသော ကျောင်းသားအား ကျောင်းမှ အပြီးအပိုင် ဖယ်ရှားခံရမည် ဖြစ်ပါသည်။
- ပါဝင်မှု၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထုတ်ပယ်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်သည် မိဘ/အုပ်ထိန်းသူ ကျောင်းသား၏ အပြုအမူနှင့် သတိပေးချက်များအပေါ် လိုက်နာမှုမရှိသည့်အတွက် နောက်ဆုံးရလဒ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။
-

ထို့အပြင် အခြေအနေတစ်ခုစီ၏ ဖြစ်ပေါ်လာသော သီးခြားအခြေအနေအရပ်ရပ်များကို ထည့်သွင်းစဉ်းစားကာ ဖြစ်ရပ်တစ်ခုချင်းစီအလိုက် ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်ကြောင်းကို အလေးပေးဖော်ပြရန် အရေးကြီးပါသည်။ ဖြစ်ရပ်တိုင်း၏ အကျိုးဆက်တစ်ခုစီသို့ ဦးတည်စေသည့် အပြုအမူ၊ အမျိုးအစားများ (သို့မဟုတ်) လုပ်ရပ်များကို ရှင်းလင်းစွာ ဖော်ပြခြင်းသည် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် တရားမျှတမှုနှင့် ဖြစ်ရပ်တစ်ခုပေါ်တွင် ပွင့်လင်းမြင်သာမှုတို့ကို ဖြစ်ပေါ်စေပါသည်။